**၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယ ခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့် ဥပဒေ**

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယ ခုံအက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေနှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေတို့ကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ချင်း အာဏာတည်ရမည်။

၂။ (၁) အောက်ဖော်ပြပါ အက်ဥပဒေတို့ကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယ ခုံအက်ဥပဒေ။

(ခ) ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ။

(ဂ) ၁၉၅၂ ခုနှစ်၊ နှင့် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေ။

(၂) ယင်းသို့ရုပ်သိမ်းလိုက်သည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျ စကားရပ်အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ရမည်။

၃။ ဤဥပဒေ စတင်အာဏာတည်သည့် အချိန်မှ အစပြု၍၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရ ဆက်လက်ဆောင်ရွက်ရန် ရှိသည့် ကိစ္စအရပ်ရပ်များကို အစိုးရက ညွှန်ကြားသည့် အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်။

၄။ ဤဥပဒေပါ ကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ၊ အစိုးရသည် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

=======================